
ကိုနှုရိလစဉ်
မင်းမြတ်သူရ
ဆားပုလင်း မင်းအောင်နှင့် မြွေမင်းသမီး
ပန်းချီ
အင်ဒီးယန်း


တစ်နေ့သ၌ကျွန်ုပ်၏ဇနီးမေကဦးရှင်ကြီး
တင်ချင်သည်ဟုပူဆာနေသဖြင့်ကျွန်ုပ်လည်း
ရပ်ကွက်ထဲတွင်ဟိုနေရာစပ်စပ်သည့်နေရာ
စပ်စပ်ပါလေ့ရှိသောဦးပေါစီဆိုသည့်အဘိုး
ကြီးကိုအပူကပ်ရလေ၏။အဘိုးကြီးက
မုန့်ဆန်းဝယ်ရ
မယ်၊ငှက်ပျောသီးနဲ့ကွမ်းယာဝယ်
ရမယ်၊လက်ဖက်လည်းဝယ်ရမယ်၊အဲ
သပြေနဲ့အမွှေးတိုင်လည်းဝယ်ရမယ်၊
အုန်းရွက်ကိုတော့ရပ်ကွက်ထဲကငါခူး
လာခဲ့မယ်၊လောလောဆယ်ငါ့ကိုငွေ
တစ်ကျပ်ပေးရမယ်၊


ငှင်းကိုငွေတစ်ကျပ်ပေးကာကျောက်မြောင်း
ဈေးသို့ပြေး၍အထက်ပါပစ္စည်းများကိုဝယ်
ယူလေ၏။အိမ်သို့ရောက်သောအခါမနားရဘဲ
ဦးပေါစိုင်းသည့်အလုပ်များကိုလုပ်ရလေ၏။


အလုံးစုံပြီးသောအခါဦးပေါ်စီကနတ်စင်ပေါ်သို့ ပသမည့်ပစ္စည်းများကိုတင်လေ၏။ပြီးနောက်ကျယ် လောင်သောအသံကြီးဖြင့်...
ပုလဲငွေမှို့သဲရေ စို့ပဲရွှေမြို့အပိုင်အောက်ခရိုင် ၌ကျောက်တိုင်နေမင်းအထိရေ စာရင်းညီတော့ရေကင်းအထိပိုင် သောဦးရှင်ကြီး...
အစချီကာဦးရှင်ကြီးအားပင့်လေ၏။ဦးရှင်ကြီး ကြွလာသောအခါရှိသေစွာကန်တော့၍လိုအပ် သောဆုကိုတောင်းကြလေ၏။


ထိုအချိန်၌ရပ်ကွက်ထဲရှိမိဆုံးမဖမဆုံးမကလေးများသည်နတ်စင်အနီးသို့ရောက်လာပြီးပသမည့်ပစ္စည်းများကိုလုယက်ရန်ကြံစည်လေရာကလေးများအားအနုးအညွှန့်တောင်းပန်၍မုန့်ဆန်းများကိုခွဲဝေပေးလေ၏။
ဝါထွက်ရင် တစ်ခါတင်ရမယ်ဒါဆိုရင် မင်းတို့ဒီတစ်နှစ်လုံးလာဘ်လာဘပေါ်ကြွယ်ဝမယ်အဲဒီကျရင် ငါ့ကိုပင့်ခတစ်မူးပိုပေးရမယ်
အိမ်နီးချင်းမိတ်ဆွေများသို့လည်းလှည့်လည်ပို့ဆောင်ရလေ၏။ဦးရှင်ကြီးတင်ပြီးသောအခါဦးပေါစိကနတ်စင်ကိုပြန်လည်ယူဆောင်သွားပြီး....
လာဘ်လာ ဘပေါ်မပေါ်တော့ မသိဘူး၊မေမေရေလော လောဆယ်ငွေလေးကျပ် တော့ထွက်သွား ပြီး....
၇


ဟုပြောလေရာမေကမျက်စောင်းထိုး၍
ကိုကိုနော် ဘာနောက်တာလဲ ဒါမေတို့ရိုးရာ
ဟုပြောလေ၏။အိမ်နီးချင်းများကိုပေးပြီးနောက် မုန့်ဆန်းများစွာကျန်သေးသဖြင့်ဆားပုလင်း မင်းအောင်ကိုသတိရကာမုန့်ဆန်းနှင့်ငှက်ပျော သီးများကိုချိုင့်ထဲသို့ထည့်၍၎င်းနေထိုင်ရာ... ကျောက်မြောင်းနေအိမ်သို့ထွက်ခဲ့၏။
အိမ်သို့ရောက်သောအခါစာအုပ်ဖတ်နေသော ကိုမင်းအောင်ကိုတွေ့ရလေ၏။ကိုမင်းအောင်က ကျွန်ုပ်ကိုမြင်သည်နှင့်
လာဗျို့ အိုင်ပီအိမ်မှာမုန့်ဆန်းတင်တယ်ထင်တယ်


ဟုတ်တယ် မေတို့ဘက်ကရိုးရာ ဖြစ်လို့ဝါဝင်ဝါထွက် တင်နေကျဗျ...
ရိုးရာမလေ့မှာ ယုံကြည်ကိုးကွယ်မှုနှစ်မျိုးရှိတယ်ဗျ ပထမတစ်မျိုးကကြည်ညိုလေးစားလို့ရှိခိုး ပူဇော်တဲ့ကိုးကွယ်မှုမျိုးရတနာသုံးပါးနဲ့မိဘ ဆရာတွေကိုကိုးကွယ်တဲ့ကိုးကွယ်မှုမျိုးပေါ့... ဒုတိယတစ်မျိုးကစိုးရိမ်ပူပန်မှုကြောင့်ကြောက် ရွံ့ခန့်ညားပြီးပူဇော်ပသတဲ့မလေ့မျိုးဗျ... ကြောက်ရွံ့ခန့်ညားပြီးပူဇော်တာကိုရိုးရာ ကိုးကွယ်တယ်၊ရိုးရာတင်မြောက်တယ် လို့ခေါ်တယ်...


ကိုမင်းအောင်
ပြောမှပဲရိုးရာကိုးကွယ်
တယ်ဆိုတာရှင်းတော့တယ်
ဦးရှင်ကြီးတင်တဲ့အကြောင်း
ရှင်းပြပါဦး...
ဟုပြောလေ၏။ဆားပုလင်းမင်းအောင်က
ဂျွန်ပလေးယားမုတ်ဆိတ်စိးကရက်ကိုမီး
ညှိ၍သောက်လေ၏။
၈


လူတိုင်းသိတဲ့
ဇာတ်လမ်းမို့အတိုချုပ်ပဲပြောမယ်
ပဲခူးနယ်စည်တီးရွာမှာမောင်ရှင်ဟာမိခင်
မုဆိုးမကြီးကိုစောင်းပညာနဲ့လုပ်ကျွေးပြုစုတယ်
အရွယ်ရောက်လာတော့ရှင်ပြုဖို့ငွေလိုတာနဲ့…
မိန်းမလှကျွန်းကိုသစ်ခုတ်တဲ့အဖွဲ့နဲ့လိုက်သွားတယ်
ကျွန်းကိုရောက်တော့သစ်ခုတ်နေစဉ်မောင်ရှင်
လှေစောင့်တဲ့နေ့မှာစောင်းတီးလိုက်မိတယ်


ဟုပြောလေ၏။ထို့နောက်ဂျွန်ပလေးယား
မှတ်ဆိတ်စီးကရက်ကိုမီးညှိလိုက်ပြီးဖွာရှိုက်
ကာမီးခိုးငွေ့များကိုမှုတ်ထုတ်လိုက်ပြီး
ယုံကြည်ကိုးကွယ်
မှုနဲ့ပတ်သက်ပြီးကျွန်တော်ဘာမှ
မပြောလိုပါဘူး၊လူသားတိုင်းလွတ်လပ်စွာ
ယုံကြည်ကိုးကွယ်ခွင့်ရှိပါတယ်၊ဒါပေမဲ့
ဦးရှင်ကြီးတင်တဲ့ပုဂ္ဂိုလ်တွေကရတနာသုံးပါး
နဲ့ပတ်သက်တဲ့အသုံးအနှုန်းတွေကိုဦးရှင်ကြီး
တင်တဲ့နေရာမှာသုံးနှုန်းတာသတိပြုသင့်တယ်
ဦးရှင်ကြီးနတ်စင်ကိုကျောင်းဆောင်တဲ့စား
သောက်ဖွယ်ရာကိုဆွမ်းတဲ့စားပါသောက်
ပါသုံးဆောင်ပါလို့ဆိုရမဲ့အစား…
ဘုန်းပေးပါလို့ဆိုကြတယ်ဗျ


ဟုလေးနက်စွာပြောလေ၏။ထို့နောက် ဆားပုလင်းမင်းအောင်ကမုန့်ဆန်းများကိုချိုင့်ထဲမှပန်းကန်ပြားထဲသို့ပြောင်းထည့်လိုက်ပြီး…
အိုင်ပီ မနက်ဖြန်ကျွန်တော့်ကို ကွမ်းခြံဘုတာကြီးလိုက်ပို့ ပါဦးအုတ်ဖိုဘက်ကိုခရီး ထွက်စရာရှိတယ်ဗျ
အရေးကြီး လို့လားကိုမင်းအောင်
အုတ်ဖိုဘက်မှာ မားပြခေါင်းဆောင်ပတ္တမြား.. မောင်မောင်ဆိုတဲ့သူအလွန်သောင်းကျန်းနေတယ်၊ဒီလူဟာသူရသတ္တိလည်းရှိတယ်၊လက်ရှုံးရည်နှလုံးရည်နဲ့လည်းပြည့်စုံတယ်၊ပုလိပ်အဖွဲ့ကလက်မြှောက်ထားရတဲ့သူပဲ၊သူဟာသူခိုးကြီးတောက်ပြားလိုပဲဗျ၊လူချမ်းသာတွေကိုဓားပြတိုက်ပြီးဆင်းရဲသားတွေကိုခွဲဝေပေးလေ့ရှိတယ်၊ဓားပြတိုက်ရှုံဆိုကျုပ်ကမျက်စိမှိတ်နေလို့ရပါတယ်၊ခက်တာကအဲဒီလူဆိုးလူသွမ်းတွေကိုသူ့နည်းသူ့ဟန်နဲ့အပြတ်ရှင်းနေတာ…


လူသတ်မှု ကျူးလွန်နေတယ်ပေါ့ဗျာ ပုလိပ်အဖွဲ့ကလိုက်ရင်းပဲခူး ရိုးမတောထဲကိုခြေရာ ပျောက်လေ့ရှိတယ်
ဟုပြောလေ၏။ ကျွန်ုပ်သည်ပတ္တမြားမောင်မောင်၏ သတင်းကိုနားထောင်၍ကျောထဲတွင်စိမ့်သွားပြီး…
အဖော် လိုက်ဖို့လိုသေးလား ကိုမင်းအောင်…
မလိုက်ပါနဲ့ ဗျာအန္တရာယ်များတယ် အဆင့်မသင့်ရင် တော အောင်းသင့်ရင်အောင်း ရမှာဗျ…
ဟုပြောလေရာကျွန်ုပ်၏ရင်ထဲ၌အေးမြသွား၏။


ဆားပုလင်းမင်းအောင်အုတ်ဖိုသို့ထွက်သွားပြီး နောက်တစ်နေ့တွင်ဦးပေါ်ဦး ရောက်လာပြီး
စီအိုင်ဒီမှာ အမှုလေးတွေပါးတုန်း အေးအေးဆေးဆေး အနားယူရအောင်
ဟုဆိုကာဂင်ဇာဟိုတယ်၌ဘီယာသွားသောက်ကြ၏။ဟိုတယ်ပန်ကာအောက်၌သော့တံဆိပ်ဘီယာနှင့်ဒိန်ခဲကိုဝါး၍အရသာခံရုံဖြင့်အားမရနိုင်သေးဘဲဦးပေါ်ဦးက…
ကိုအောင်ထွန်းရေ တရုတ်တန်းဘက်မှာလေးကောင်ဂျင်သွားထိုးရအောင်…
ပိုက်ဆံမပါဘူးဗျ၊အိတ်ထဲမှာငွေနှစ်ကျပ်ပဲရှိတယ်
ခင်ဗျား ဘောင်းဘီအိတ်ကြီးကဖောင်းနေတာငွေတွေမဟုတ်လား


ဒါတော့ ထိလို့မရဘူးဗျ... မေကရွှေဒင်္ဂါးတွေဝယ် စုနေကျဒီလမေ့အတွက် ရွှေဒင်္ဂါးနှစ်ပြားဝယ်ဖို့ ဖယ်ထားတာ
ဟုငြင်းဆန်သော်လည်းဦးပေါ်ဦးကလေးကောင်ဂျင် ထိုးရန်တကျိုကျိုပူဆာနေသဖြင့်အပျော်အပါးဝါသနာ ထုံသောကျွန်ုပ်မှာသူ့နောက်သို့ပါချင်ချင်ဖြစ်လာပြီး
ကဲ ခင်ဗျား ဘယ်လောက်ပါသလဲ
ရှစ်ကျပ်နဲ့ တစ်မူးပါတယ်
ဒါဆိုရင်ကျပ် တို့နှစ်ယောက်ပေါင်းရင် ငွေတစ်ဆယ်ရှိတယ်ငွေတစ် ဆယ်နဲ့ပဲကစားကြတာပေါ့ ရွှေဒင်္ဂါးဝယ်ဖို့ငွေကိုတော့တက် နိုင်သမျှမထိဘဲထားမယ် ဗျာသဘောတူလား


တုတယ် သိပ်တုတာပေါ့ သိပ်ကောင်းတဲ့ အစီအစဥ်ပဲ
ဟုထောက်ခံသဖြင့်တရုတ်တန်းသို့ချီတက်ခဲ့၏။ တရုတ်တန်းရှိကလပ်တစ်ခုသို့ရောက်သောအခါ ကျွန်ုပ်တို့စုံထောက်ကျော်နှစ်ဦးသည်ငွေတစ်ဆယ် ကိုအရင်းတည်၍လေးကောင်ဂျင်ကစားရာတစ် နာရီခန့်ကြာသောအခါပါသမျှငွေကုန်လေ၏။ကျွန်ုပ် က ကစား၍အားမရသေးသော်လည်းရွှေဒင်္ဂါးဝယ် ရန်ထားသောငွေကိုမထိလို၍...
ပြန်မယ် ဦးပေါ်ဦးတော် လောက်ပြီ...
မပြန်ချင် သေးဘူးဗျာခင်ဗျား အိတ်ထဲကပိုက်ဆံတွေ ထုတ်ရှုံးရင်ကျုပ်လည်း တစ်ဝက်ခံမယ်


ဟုမြောက်ထိုးပင့်ကော်လုပ်နေရာကျွန်ုပ်လည်း မပြန်နိုင်တော့ဘဲငွေ၃၅ကျပ်ကိုထုတ်၍ကစား ပြန်ရာမကြာမီအချိန်အတွင်းမှာပင်တက်တက် ပြောင်လေ၏။ဦးပေါ်ဦးကတောက်ခေါက်၍...
တောက် ဆိုးလိုက်တဲ့ကံ ကွာ...
ကျွန်ုပ်တို့နှစ်ဦးသည်စိတ်ညစ်ညစ်နှင့်ကလပ်မှပြန် ထွက်ခဲ့ကြရာတံခါးပေါက်သို့ရောက်သည်နှင့်ဦးပေါ်ဦး က...
အနာမခံနိုင် ဘူးဗျာပြန်စရိတ် တောင်းမယ်
ဟုပြောကာပြန်စရိတ်ပေးသောတရုတ်ထံသို့ သွားလေ၏။တရုတ်ကကလပ်များ၏ထုံးစံမှာရှုံး သောသူများအားငွေတစ်ရာကျပ်လျှင်ပြန်စရိတ် တစ်ဆယ်ကျပ်ပြန်ပေးလေ့ရှိ၏။ဦးပေါ်ဦးက တရုတ်အား၄၅ကျပ်ရှုံးသည်ဆိုသဖြင့်တရုတ် က၄ကျပ်ပြန်ပေးလေ၏။


ကျွန်ုပ်တို့နှစ်ဦးသည်ငွေငှကျပ်ကိုင်၍ကလပ်နှင့်မလှမ်းမကမ်းတွင်ရပ်ထားသောကားဆီသို့ပြန်ခဲ့လေ၏။တစ်နေရာသို့ရောက်သောအခါတိုက်ရိပ်တစ်ခုကိုခို၍ဗေဒင်ဟောသောဂျူးအဘိုးကြီးတစ်ဦးက...
ဗေဒင်မေးမလားလူလေး
ဒီနေ့ဘာလို့ဒီလောက်တောင်ကံဆိုးလဲမသိဘူး၊ဗေဒင်မေးကြည့်ရအောင်
ဒီမှာကျပ်တစ်ခွန်းပဲမေးချင်တယ်ရမလား
ရပါတယ်မေးပါ...


ဒါဆို မေးမယ်၊ဒီနေ့ လေးကောင်ဂျင် ကစားရင်နိုင် မလား...
ဟုမေးလေရာဂျူးအဘိုးကြီးကဦးပေါ်ဦး၏ စကားကိုနားထောင်၍အပြာရောင်ကတ္တီပါ ပိတ်စပေါ်တွင်တင်ထားသောသစ်သားပြား လေးကိုရှေ့သို့တိုး၍...
ဒီသစ်သား ပြားလေးတွေကို လူလေးလက်နဲ့ မွှေလိုက်ပါ...
ဟုပြောလေ၏။သစ်သားပြားလေးကိုကတ္တီပါပိတ် စပေါ်တွင်မှောက်ထား၏။ဦးပေါ်ဦးကသစ်သားပြား များကိုမွှေနှောက်ပြီးနောက်ဂျူးအဘိုးကြီးကစက်ဝိုင်း ပုံဖြန့်စီလိုက်၏။ပြီးနောက်သစ်သားပြားတစ်ပြားကို ကောက်လှန်လိုက်ပြီး...
ဒီနေ့ လေးကောင်ဂျင် ကစားရင်နိုင်ကို နိုင်ရမယ်...


ဟား...ဟား
လွဲပြီဗျ၊ဒီနေ့ကျုပ်တို့နှစ်
ယောက်ဂျင်ဝိုင်းမှာ၄၅ကျပ်
တောင်ရှုံးခဲ့တယ်၊အခုတရုတ်
ဆီကလမ်းစရိတ်၄ကျပ်
တောင်းပြီးပြန်လာတာ
ကျုပ်ကိုဗေဒင်
ဟောခတစ်မူးပေးပြီးကျန်
တဲ့ပိုက်ဆံနဲ့ပြန်ကစားပါ၊ဒီနေ့
လူလေးနိုင်ကိုနိုင်ရ
မယ်ကွာ...
ဟုပြောလေ၏။ဦးပေါ်ဦးကဂျူးအဘိုးကြီး၏စကားကို
ယုံဟန်မရှိဘဲ၄င်းအားဗေဒင်ဟောခတစ်မူးပေးပြီး
ပြန်ခဲ့လေ၏။လမ်းသို့ရောက်သောအခါကျွန်ုပ်က...
ကျုပ်စိတ်
ထဲမှာဂျူးအဘိုးကြီး
ဟောတာယုံချင်သလိုပဲ
ကျုပ်တို့ကလပ်ကိုပြန်
သွားပြီးကစားကြည့်ရ
အောင်...


ကျွန်ုပ်တို့နှစ်ဦးကလပ်သို့ပြန်ရောက်သောအခါပြန်စရိတ်ထုတ်ပေးသောတရုတ်ကအလိုမကျဟန်ဖြင့်ကြည့်လေ၏။အချို့သောလူများသည်ပြန်စရိတ်ထုတ်ပြီးအိမ်သို့မပြန်ဘဲလောင်းကစားဝိုင်းသို့ပြန်ဝင်လေ့ရှိသောကြောင့်ဖြစ်၏။
ဦးပေါ်ဦး ခင်ဗျားကိုဂျူးအဘိုးကြီးကနိုင်မယ်လို့ဟောလိုက်တာထိုးသာထိုးဗျာ...
ဟုတိုက်တွန်းလိုက်ရာဦးပေါ်ဦးသည်ဗေဒင်ကိုမယုံသူဖြစ်၍နောက်တီးနောက်တောက်ဖြင့်...
အသီးမှာသရက်၊အသားမှာဝက်ဆိုတော့ဝက်ပဲထိုးမယ်ဗျာ...
၂၀



မြန်မြန်
ကုန်တော့လည်းမြန်
မြန်ပြန်ရတာပေါ့ဗျာ...
တရုတ်ကဂျင်ကိုဖုံးထားသောခွက်ကိုဖွင့်လိုက်သောအခါဝက်ထွက်လာသဖြင့်ကျုပ်တို့နှစ်ဦးပျော်ရွှင်သွားလေ၏။ဤကဲ့သို့တစ်လုံးတည်းအောတိုက်၍ထိုးလျှင်၃ဆအလျော်ရသည်ဖြစ်၍ကျွန်ုပ်တို့သည်ငွေ၁၂ကျပ်အလျော်ရလေ၏။ကျွန်ုပ်ကပိုက်ဆံများကိုရွှတ်ခနဲနမ်းလိုက်ပြီး...
ဂျူးအဘိုးကြီး
ဇေဒင်ဟောတာမှန်
နေပြီဗျို့ကဲ ဦးပေါ်ဦး
ထိုးသာထိုး
ကျုပ်ခုန
ထိုးတာစိတ်ရှုံးပေါက်
သလိုထိုးတာစဉ်းစားထိုး
ရင်ရှုံးရင်ရှုံးဦးမယ်
ဒါဆို
လည်းစိတ်ရှုံးပေါက်
သလိုထိုးဗျာ...


ဟုမြွောက်ထိုးပေးပြန်၏။ဦးပေါဦးကခေါင်းညိတ်၍ အခြားသောဖား၊ကြက်၊ငါး၊ရှဉ့်စသောဇယားကွက်များကိုမထိုးဘဲဝက်တစ်လုံးတည်းအောတိုက်၍လုမိုက်ဆန်ဆန်ငွေ၁၂ကျပ်လုံးထိုးလိုက်ပြန်၏။ဦးပေါဦးထိုးပုံကိုကြည့်၍ကျွန်ုပ်၏ရင်တွင်တဒိတ်ဒိတ်ခုန်နေ၏။ထို့နောက်တရုတ်ကဂျင်ကိုလှည့်၍အဖုံးဖွင့်လိုက်ရာဝက်ပင်ထွက်လာသဖြင့်ထိုးသားအားလုံးမကျေမချမ်းဖြင့်
ဝက်ပဲ ထွက်တယ်ကွာ
ကျွန်ုပ်နှင့်ဦးပေါဦးမျက်နှာမှာမူပျားရည်ဆမ်းထားသည့်နယ်လန်းဆန်းသွား၏။ကျွန်ုပ်တို့သည်ငွေ၃၆ကျပ်တိတိအလျော်ရလိုက်၏။ကျွန်ုပ်ကရယ်မောရ၍…
ဟဲ…ဟဲ အရင်းရတော့မယ် ဦးပေါဦးဆက်လုပ်ဗျာ…


ဦးပေါ်ဦးကငွေ၃ဖဲကျပ်ကိုကိုင်၍အခြားသောဇယား ကွက်များကိုမျက်လုံးဝေ့ကြည့်ပြီးဝက်ဇယားပေါ်တွင်ငွေ၃ဖဲ ကျပ်ကိုတင်လိုက်ပြန်၏။ဦးပေါ်ဦးထိုးပုံကိုတစ်ဝိုင်းလုံး စိတ်ဝင်စားစွာဖြင့်ကြည့်ရှုနေကြ၏။ထိုးသားအများစုကမူ...
ဒီလူ ကုန်တော့မယ်၊ဝက်နှစ် ကြိမ်ထွက်သွားတာအတော် တိုက်ဆိုင်လို့ထွက်သွားတာ သုံးကြိမ်တော့မထွက်နိုင် ဘူး...
တရုတ်ကဂျင်ကိုဖုံးထားသောခွက်ကိုဖွင့်လိုက်ရာ ဝက်ပင်ထွက်လာသဖြင့်တစ်ဝိုင်းလုံးဟာခနဲ ဟင်ခနဲဖြစ်သွားလေ၏။ကျွန်ုပ်တို့နှစ်ဦးပျော်မိသည် မှာပြောဖွယ်ရာပင်မရှိတော့ငွေ၁၀၈ကျပ်တိတိ အခ လျော်ရလိုက်၏။ဦးပေါ်ဦးကတဟဲဟဲရယ်မော၍
ကဲဆိုတာ သုံးကြိမ်သုံးခါထက် ပိုမကောင်းနိုင်တဲ့ဒီ... လောက်နဲ့ပဲကျေနပ် ကြပါစို့...
ဟုဆိုကာအနိုင်နှင့်ပိုင်း၍တရုတ်ကလပ်မှပြန်ထွက် ခဲ့ကြ၏။ကလပ်အပြင်သို့ရောက်သောအခါဦးပေါ်ဦးက



ဂျူးအဘိုးကြီး
ကသစ်သားပြားလေးတွေ
မွှေနှောက်ပြီးဟောတာမှန်
လိုက်တာဗျာ၊သူ့ကိုမထိမ့်
မြင်လုပ်ခဲ့မိတာပြန်ပြီး
တောင်းပန်ရမယ်...
တိုက်အရိပ်ကွက်လပ်သို့ရောက်သောအခါဗေဒင်ဆရာ
ဂျူးအဘိုးကြီးကိုမတွေ့ရတော့ပေ။
အင်းစိန်စီအိုင်ဒီရုံးသို့ရောက်သောအခါစုံထောက်
မင်းကြီးကခေါ်ဆိုသဖြင့်ရင်တဒိတ်ဒိတ်ဖြင့်
ရုံးခန်းထဲသို့ဝင်ခဲ့၏။ရုံးခန်းထဲ၌စုံထောက်ကိုစိန်မြင့်
ကိုတင်လှဘိုလပ်ပြန်ဆရာပွစသောစုံထောက်များ
သည်မင်းကြီးရှေ့တွင်တန်းစီလျက်ရှိ၏။


မောင်မင်းတို့ အားလုံးအသုံးမကျဘူး၊မောင်မင်းတို့ကြောင့်ကျုပ်သိပ်ရှက်တယ်၊ဗာရာဏသီ မိုးမှောင်ဆိုတဲ့သူခိုးကအင်းစိန်စီအိုင်ဒီကိုစိန်ခေါ်နေပြီ၊စုံထောက်တွေဖြစ်ပြီးသူခိုးတောင်မိအောင်မဖမ်းနိုင်တော့ဘူးလား၊မောင်မင်းတို့ကိုကျုပ်ပင်စင်ပေးလိုက်ရမလား
မိုးမှောင်သည်သူခိုးတစ်ယောက်ဖြစ်သော်လည်းကောင်းမှုကုသိုလ်အလုပ်များကိုဘုရားလူကြီးကဲ့သို့လုပ်ကိုင်၏။ခိုး၍ရသောပစ္စည်းများကိုမကြာခဏအလှူအတန်းလုပ်၏။ဆင်းရဲသားများကိုလည်းခွဲဝေပေးလေ့ရှိ၏။ဗာရာဏသီမိုးမှောင်သည်တစ်ခါကအင်းစိန်စီအိုင်ဒီကိုကောင်းစွာဒုက္ခပေးဖူး၏။ယင်းမှာဂျူဗလီဟောတွင်ပြသထားသောအိန္ဒိယပန်းချီဆရာကြီးဒဗလျူအက်စ်ရာဘီ၏ပေါင်တစ်ထောင်တန်ပန်းချီကားကြီးကိုခိုးယူခဲ့၏။ထို့နောက်ရွှေတိဂုံစေတီတော်သို့ငွေတစ်ထောင်လှူမှသာလျှင်ပန်းချီကားကိုအကောင်းပကတိအတိုင်းပြန်ရမည်ဟုခြိမ်းခြောက်ခဲ့၏။


အင်းစိန်စီအိုင်ဒီမှစုံထောက်များကိုလည်းစာတစ်စောင်ပေးပို့၍ထိုနေ့ည ရှစ်နာရီတိတိအချိန်တွင်ဂျူဗလီဟောခန်းမသို့ပန်းချီကားကြီးပြန်ပို့ပေးမည်။သူ့ကိုမိအောင်ဖမ်းကြဟုစိန်ခေါ်ခဲ့၏။သူသည်ပြောသည့်အတိုင်းပင်စုံထောက်ကျော်များနှင့်ပုလိပ်များကိုလှည့်စား၍ပန်းချီကားကြီးကိုဂျူဗလီဟောခန်းမသို့ပြန့်ပို့ပေးခဲ့၏။ယခုလည်းတစ်နှစ်ကျော်ခန့်ပျောက်ကွယ်နေသောဗာရာဏသီမိုးမှောင်ပြန်လာပြီဟုမင်းကြီးကဆို၏။မင်းကြီးကဆက်လက်၍...
ဗာရာဏသီ
မိုးမှောင်ဟာစီအိုင်ဒီကို
စိန်ခေါ်တဲ့စာတစ်စောင်ရေး
ပို့လိုက်ပြန်ပြီ၊မောင်မင်းတို့
ဖတ်ကြည့်လိုက်စမ်း
အင်းစိန်စီအိုင်ဒီမှ ခပ်ညံ့ညံ့စုံထောက်
များသို့ ။ ရှိုင်ရယ်ဟိုတယ်မှာ ကိုနှယက
မဟာရာဇာတစ်ဦး လာရောက်တည်းခိုတယ်
ရှေးစိန်တုံးကြီးတစ်လုံးလည်းပါတယ်
အဲဒီစိန်တုံးကြီးကို ကျုပ်က ခိုးယူပါမယ်
အစွမ်းအစရှိရင် ကျုပ်ကိုမိအောင်ဖမ်းပါ
သင်တို့အားလုံးကို စိန်ခေါ်တယ်
မိတ်ဆွေဟောင်းကြီး
ဗရာဏသီမိုးမှောင်
၂၉


ထို့ကြောင့်ပင်မင်းကြီးဆွေ့ဆွေ့ခုန်နေခြင်းဖြစ်တန်ရာ၏။စုံထောက်မင်းကြီးကဆက်လက်၍...
ဗာရာဏသီမိုးမှောင်ရဲ့အန္တရာယ်အတွက်မဟာရာဇာကြီးကိုဆက်သွယ်တဲ့အခါမဟာရာဇာကသူ့မှာအင်မတန်ယုံကြည်စိတ်ချရတဲ့သက်တော်စောင့်၇ယောက်တောင်ပါတယ်လို့ငြင်းဆိုလိုက်တယ်မဟာရာဇာကဗာရာဏသီမိုးမှောင်အကြောင်းမသိသေးဘူး၊မိုးမှောင်ဟာသက်တော်စောင့်၇ယောက်ကိုကောင်းကောင်းလှည့်စားသွားနိုင်တယ်၊နောက်ပြီးမဟာရာဇာစော်ဘွားကြီးတစ်ယောက်ဖြစ်တဲ့အတွက်သူ့ရဲ့အဖြစ်ကိုလူသိမခံနိုင်ဘူး၊သူဟာငွေအသုံးလိုနေတဲ့အတွက်မိုးကုပ်ကသူဌေးကြီးဆီမှာစိန်တုံးကိုလာရောင်းတာဖြစ်မယ်
ဒါကိုသတင်းစာသမားတွေသိလို့မဖြစ်ဘူး၊ကျုပ်တို့ကသိုသိုသိပ်သိပ်လုပ်မှဖြစ်မယ်၊ဒါကြောင့်လူကလေးတို့အားလုံးရှိုင်ရယ်ဟိုတယ်ကိုသွားကြပါ...


ဟိုတယ်ကိုနေ့စဉ်လာနေတဲ့သူတွေကိုကြည့်ပြီးဗာရာဏသီမိုးမှောင်ကိုရှာဖွေပါ၊ဗာရာဏသီမိုးမှောင်လို့မသင်္ကာတဲ့သူတွေဖမ်းဆီးပါ၊ ရှိုင်ရယ်ဟိုတယ်မန်နေဂျာကလူကလေးတို့လိုအပ်တဲ့အကူအညီတွေပေးပါလိမ့်မယ်၊ရှိုင်ရယ်ဟိုတယ်မှာမဟာရာဇာရဲ့အခန်းကလွဲရင်ဟိုတယ်တစ်ခုလုံးဝင်ထွက်သွားလာနိုင်တယ်၊မင်းအောင်ကိုသံကြိုးရိုက်ပြီးခေါ်ခိုင်းလိုက်တယ်...
ကိုမင်းအောင်ပြန်လာရင်တော့ပွဲကြီးပွဲကောင်းပေါ့၊ဗာရာဏသီမိုးမှောင်နဲ့ဆားပုလင်းမင်းအောင်ဘယ်သူသာသလဲဆိုတာသိရတော့မှာပေါ့
ဂျူဗလီဟောကပန်းချီကားခိုးတဲ့အချိန်တုန်းကလည်းဆားပုလင်းမင်းအောင်နယ်ပြောင်းနေတဲ့အချိန်ကံကြမ္မာကကိုမင်းအောင်နဲ့ဗာရာဏသီကိုမဆုံအောင်လုပ်ပေးနေတာများလား...
ဟုညည်းညူနေ၏။ဤသို့ဖြင့်ကျွန်ုပ်တို့စုံထောက်ကျော်များသည်ရှိုင်ရယ်ဟိုတယ်သို့ထွက်ခဲ့ကြ၏။ ဝိရိယကြောင့်စုံထောက်ကိုစိန်မြင့်တို့လူစုမှာကျွန်ုပ်တို့ရှေ့ဦးဆောင်၍ထွက်ခွာနေပြီဖြစ်၏။


ရှိုင်ရယ်ဟိုတယ်သို့ရောက်သောအခါဟိုတယ်မန်နေဂျာကသီးသန့်ခန်းမတစ်ခုသို့ခေါ်၍စုံထောက်များအားလက်ဖက်ရည်၊မုန့်စသည်တို့ဖြင့်ဧည့်ခံနေ၏။ပြီးနောက်ဟိုတယ်အပေါ်ဆုံးထပ်သို့ခေါ်ဆောင်သွားပြီးအပေါ်ဆုံးထပ်တစ်ထပ်လုံးကိုမဟာရာဇာကြီးကငှားရမ်းထားကြောင်းပြောလေ၏။
အပေါ်ဆုံးထပ်သို့ရောက်သောအခါလွှန်စွာသန်မာထွားကျိုင်းသောမဟာရာဇာ၏သက်တော်စောင့်ဂျယောက်ကိုတွေ့ရ၏။


လူ့ဘီလူးကြီးတွေဗျ၊ခေါင်းထဲမှာဦးနှောက်တော့ရှိပုံမရဘူး
စော်ဘွားကြီးကကုလားဆန်သောအင်္ဂလိပ်စကားဖြင့်...
သင်တို့စောင့်ဖို့မလိုပါဘူး၊ကျုပ်တို့သက်တော်စောင့်ကြီးတွေဟာစစ်တပ်တစ်တပ်လောက်အားကိုးရပါတယ်၊သင်တို့မင်းကြီးကိုလည်းပြောထားပြီးပါပြီ၊ဘယ်လောက်ထူးချွန်တဲ့သူခိုးပဲဖြစ်ဖြစ်၊သက်တော်စောင့်ကြီးတွေနဲ့တွေ့ရင်တစ်စစီဖြစ်သွားမှာပါ၊သူတို့ဟာအိန္ဒိယကနာမည်ကျော်နပန်းသမားကြီးတွေပါ၊လူတစ်ယောက်ကိုချုပ်မိရင်အပိုင်းပိုင်းချိုးပစ်နိုင်ပါတယ်...
ဟုပြောဆိုလေရာကျွန်ုပ်ကဗာရာဏသီမိုးမှောင်သည် လက်ရုံးရည်ရောနှလုံးရည်ပါအလွန်ထက်မြက်သော သူခိုးကြီးတစ်ယောက်ဖြစ်ကြောင်း ရုပ်ပြောင်းရုပ်လွှဲအမျိုးမျိုးကိုလည်းကျွမ်းကျင်ကြောင်း ယနေ့အထိဗာရာဏသီမိုးမှောင်လုပ်သမျှမအောင်မြင်သော အလုပ်မရှိသေးကြောင်းသူ့အားဖမ်းဆီး၍မရနိုင်သဖြင့်မြန်မာနိုင်ငံပုလိပ်အဖွဲ့က လက်မှိုင်ချနေရကြောင်းရှင်းလင်းပြရလေ၏။